NEWS
THE CARTER CENTER
ONE COPENHILL ATLANTA, GA 30307

**ချက်ခြင်းသတင်းထုတ်ပြန်ရန်**
**နိုဝင်ဘာ ၂၊ ၂၀၁၅**
**ဆက်သွယ်ရန်:** Soyia Ellison, soyia.ellison@cartercenter.org
Frederick Rawski, frederick.rawski@mail.cceom.org

# ကာတာစင်တာ ၏ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေး အဖွဲ့ ဗုဒ္ဓဟူးနေ့တွင်ရန်ကုန်သို့ ရောက်ရှိမည်

ရန်ကုန် - ကာတာစင်တာ၏ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးမစ်ရှင်သည် နိုဝင်ဘာ ၈ ရက် တွင် ကျင်းပမည့် ရွေးကောက်ပွဲ ကိုစောင့်ကြည့် လေ့လာရန် ဗုဒ္ဓဟူးနေ့တွင် ရောက်ရှိ လာမည့် ရေတို လေ့လာစောင့်ကြည့်သူ ၆၀ကျော် နှင့် အတူ စာမျက်နှာသစ်တစ်ခုသို့ ရောက်ရှိ လာပြီဖြစ်သည်။ ဤ အဖွဲ့ ကိုအိုက်ယာလန် နိုင်ငံသမ္မတဟောင်း မေရီ ရှိဘင်ဆန်၊ နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင် အငြိမ်းစားဥက္ကဋ္ဌ ဘိုရ်ချ်ရ်ချ် ပိုကာရယ်လ် နှင့် အတူ ကာတာစင်တာ၏ ဥက္ကဋ္ဌဟောင်း ဂျေဆင်ကာတာ တို့ကဦးဆောင်လာ မည်ဖြစ်သည်။

ဂျေဆင်ကာတာက "ဒီရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လမ်းစဉ်မှာအရေးကြီးပါတယ်။" ဂျေဆင်ကာတာ မှဆက်လက်ပြီးပြောကြားရာတွင်၊ "ဘက်လိုက်မှု မရှိတဲ့ လေ့လာစောင့်ကြည့်သူတွေ အနေနဲ့ ကျွန်တော်တို့ဟာ ရွေးကောက်ပွဲ မတိုင်မီ၊ ရွေးကောက်ပွဲ အတွင်းနဲ့ ရွေးကောက်ပွဲ ပြီးနောက် ကျွန်တော်တို့မြင်တွေ့ရတဲ့ အရာတွေဟာ နိုင်ငံတကာ ရွေးကောက်ပွဲ စံနှုန်းများနှင့် ကိုက်ညီ မှု ရှိမရှိ မှတ်တမ်းတင်သွား ဖို့ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီရွေးကောက်ပွဲမှာ ပါဝင်ပြီး မြန်မာနိုင်ငံရဲ့ စိတ်လှုပ်ရှားဖွယ်ရာသမိုင်းမှာပါဝင်ခွင့်ရတဲ့အတွက် အထူးပဲဂုဏ်ယူမိပါတယ်။"

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ၏ ဖိတ်ကြားချက်အရ ကာတာစင်တာကို ၂၀၁၃ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၄ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၅ခုနှစ် ဇူလိုင်လကြား ကာတာစင်တာသည် နိုင်ငံရေး အသွင်ကူးပြောင်းမှုကို လေ့လာ စောင့်ကြည့်မှု ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲမတိုင်ခင် ဝန်းကျင်၏ ကြိုတင်ဆန်းစစ်မှုကို လုပ်ဆောင်ခဲ့ပါသည်။

ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကြေငြာချက်ကို သိရှိပြီး စင်တာ၏ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးမစ်ရှင်ကိုလည်း ဩဂုတ်လအစပိုင်းမှ စတင်ခဲ့ပါသည်။ ရန်ကုန်တွင် အခြေစိုက်သည့် (၄)ဦးပါဝင်သော ပင်မအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးသို့ တာဝန်ထမ်းဆောင်သော ရေရှည် လေ့လာ စောင့်ကြည့်သူ (၆)ဦးတို့ ပါဝင်သည်။

ရွေးကောက်ပွဲ လေ့လာ စောင့်ကြည့်ရေးအဖွဲ့သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးတွင် ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းစဉ်ကို လေ့လာ စောင့်ကြည့်မည်ဖြစ်ပါသည်။ ဗုဒ္ဓဟူးနေ့ တွင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရေတို လေ့လာစောင့်ကြည့်သူများ ၆၀ကျော် ထပ်မံရောက်ရှိ လာမည်ဖြစ်သည်။ ရန်ကုန်တွင်တွေ့ဆုံမှုများအပြီးတွင် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရွေးကောက်ပွဲ၏မဲဆန္ဒပေးခြင်း၊ မဲရေတွက်ခြင်း၊ မဲစုပေါင်းခြင်း တို့ကိုလေ့လာစောင့်ကြည့်ရန် စေလွှတ်သွားပါမည်။

ယင်းအပြင် ကာတာစင်တာသည် ရရှိလာသော တွေ့ရှိချက်များ နှင့် အဓိကပြဿနာကိစ္စရပ်များနှင့် သက်ဆိုင်သည့် အကြံပြုချက်များကို အများပြည်သူ လက်လှမ်းမီသည့် အစီရင်ခံစာများအဖြစ် ပုံမှန်ထုတ်ပြန်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ ကာတာစင်တာအနေဖြင့် ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို ကြိုတင် ထုတ်ပြန်ချက်တစ်ခု နိုဝင်ဘာလ(၁၀)ရက်နေ့တွင် ထုတ်ပြန်ပါမည်။ ဘက်စုံပါဝင်သော အပြီးသတ် အစီရင်ခံစာအား ရွေးကောက်ပွဲအပြီး နောက်ပိုင်းလများတွင် ထုတ်ပြန်သွားပါမည်။ ကာတာစင်တာသည် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဖြစ်စဉ်ကို ပြည်တွင်းရွေးကောက်ပွဲ ဥပဒေမူဘောင်နှင့် နိုင်ငံတကာစာချုပ်များမှ ဆင်းသက်လာသည့် နိုင်ငံတကာ ရွေးကောက်ပွဲ စံနှုန်းများနှင့် နှိုင်းယှဉ်ပြီး ဆန်းစစ်နေပါသည်။ ကာတာစင်တာ၏ လေ့လာစောင့်ကြည့်မှုကို နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်မှု အခြေခံသဘောတရား ကြေညာစာတမ်းနှင့် အညီ ဆောင်ရွက်ပါသည်။ ဤ ရွေးကောက်ပွဲသည် ကာတာစင်တာ၏ ရွေးကောက်ပွဲပေါင်း စောင့်ကြည့်လေ့လာမှု အကြိမ် (၁၀၀)မြောက် ဖြစ်ပါသည်။

###

**ကာတာစင်တာ**

"ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်၊ ရောဂါဘယကို တိုက်ဖျက်၊ မျှော်လင့်ချက် တည်ဆောက်"

အကျိုးအမြတ်အတွက် မဟုတ်သော၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည့် ကာတာစင်တာကို နိုင်ငံပေါင်း ၈၀ ကျော်မှ ပြည်သူများ၏ဘဝကို ပိုမိုကောင်းမွန်လာစေရန် ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးများနှင့် စီးပွားရေး အခွင့်အလမ်း တိုးမြှင့်စေခြင်း၊ ရောဂါဘယများမှ ကာကွယ်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုကောင်းမွန်လာစေခြင်းတို့ဖြင့် ကူညီပေးပါသည်။ ကမ္ဘာတစ်ဝန်းတွင် ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးကို

တိုးမြှင့်ပေးနိုင်ရန် ကာတာစင်တာကို ၁၉၈၂ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု သမ္မတဟောင်း ဂျင်မီကာတာနှင့် ဇနီး ရိုဇလင်းတို့မှ အီမိုရီတက္ကသိုလ်နှင့် မိတ်ဖက်ဖွဲ့ကာ တည်ထောင်ခဲ့ပါသည်။

ကာတာစင်တာနှင့် ပတ်သက်၍ သိလိုသည်များကို www.cartercenter.org တွင်လည်းကောင်း၊ Twitter@CarterCenter ကို follow လုပ်ခြင်းဖြင့်လည်းကောင်း၊ Facebook တွင် Facebook.com/CarterCenter ကို like လုပ် ခြင်းဖြင့်လည်းကောင်း၊ YouTube တွင် YouTube.com/CarterCenter ကို ကြည့်ရှု လေ့လာခြင်းဖြင့်လည်းကောင်း၊ Google+ http://google.com/+CarterCenter တွင်လည်းကောင်း လေ့လာနိုင်ပါသည်။